**Dr. Aye Aye Mar**

PhD. (FDI), MSc (F.M), BSc (Hons)

**Founder-cum-Academic Director**

Business Institute Yangon

**Co-founder-cum Academic Director**


Heroes International School

**Internal Auditor**

MYANWEN



အတွေ့အကြုံ အနှစ် 20 ရှိသော ဆရာမတစ်ဦးအနေဖြင့် ဒေါက်တာ အေးအေးမာသည် ပညာရေးနယ်ပယ်တွင် နှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့သည်။ Management Accounting ဆရာမအဖြစ် စတင်ခဲ့ပြီး 2008 ခုနှစ်တွင် BIY ကို တည်ထောင်ခဲ့ပြီး Finance ၊ Management နှင့် Education Management ကဲ့သို့သော ဘာသာရပ်များကို အထူးပြုသင်ကြားပါသည်။ ထို့အပြင် ပညာရေးအတိုင်ပင်ခံ တစ်ဦးလည်းဖြစ်ပါသည်။ သူမသည် Foreign Direct Investment တွင် PhD နှင့်Middlesex University, London, UK မှ Financial Management in MSc ကိုရရှိခဲ့သည်။ သူမသည် 2000 ခုနှစ်တွင် ABE UK ၏ Cost & Management Accounting ဘာသာရပ်တွင် ကမ္ဘာ့အမှတ်များဆုံး ဆုရှင် အဖြစ် သတ်မှတ်ခံခဲ့ရသည်။ Advancing Business Education ၏ Fellowship တစ်ဦး ဖြစ်သည့်အပြင် ABE UK ၏ ကမ္ဘာလုံးဆိုင်ရာ အကြံပေးကော်မတီတွင် UK အဖွဲ့ဝင်အဖြစ် ပါဝင်လျက်ရှိပါသည်။ 2023 တွင် ABE, UK မှ ပေးအပ်ချီးမြှင့်သော Commendation for services to Education ကိုလဲရရှိခဲ့ပါသည်။ Dr. Aye Aye Mar ၏ LWA Consultancy ၊ Abacus Myanmar ၊ GoodCorporation (UK), FX Currency Services (UK) လုပ်ငန်းများတွင်လည်း Accountant , Business Development, Manager များအဖြစ်လုပ်ကိုင်ခဲ့ပါသည်။



## Daw Khin Thinzar

**MSc Finance (University College Dublin) BSc Finance (University College Dublin) B.CSc Computer Science (UCSY)**

**Managing Director - Golden Orient Co., Ltd.**

**Executive Committee Member - Myanmar Women Entrepreneurs Network (MYANWEN) & Business and Professional Women BPW Myanmar**

**Deputy Treasurer - Myanmar Fisheries Products Processors And Exporters Association**

ဒေါ်ခင်သဉ္ဇာသည် Golden Orient Co., Ltd. တွင် အုပ်ချုပ်မှုဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ Golden Orient Co., Ltd. သည် Certified HACCP Plant ဖြစ်သည့်နှင့်အညီ ပင်လယ်စာရေထွက်ပစ္စည်းများကို value-added ပြုလုပ်၍ ပြည်တွင်း၊ ပြည်ပသို့ ဖြန့်ဖြူး၊ တင်ပို့ရောင်းချနေသော မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ ဒေါ်ခင်သဉ္ဇာသည် AOTS JAPAN ၏ Program on Japanese Corporate Management အတွက် မြန်မာနိုင်ငံ delegate အဖြစ် ရွေးချယ်ခံရပြီး ဂျပန်နိုင်ငံ၏ ထိပ်တန်းကုမ္ပဏီများဖြစ်သော Toyota, Kyocera နှင့် Panasonic အစရှိသော Manufacturing ကုမ္ပဏီများအား သွားရောက်လေ့လာခွင့်ရရှိခဲ့ပါသည်။ MIoD ၏ Certified Director တယောက်လည်းဖြစ်ပါသည်။ ထို့အပြင် ဒေါ်ခင်သဉ္ဇာသည် မြန်မာစီးပွါးရေးလုပ်ငန်းရှင်အမျိုးသမီးများကွန်ယက် (MYANWEN) နှင့် BPW တို့တွင် Executive Committee Member၊ မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း (MPEA) တွင်လည်း တွဲဖက်ဘဏ္ဍာရေးမှူးအဖြစ် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။